# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ကြန် ၊ ဒေါ် | KYAN , Daw | Kran‘ , Do‘ | **Art.** MK0003 |

**Article Title** အမြောက်သံသရာ
(The vicious cycle of the cannon)
'A mrok‘ san‘ sa ra¯

**Title (Book/Serial)** ကနောင် စက်မှုစီးပွား ဂျာနယ်
Kanaung Sethmu Sipwa Journal

**Issue and Volume** Vol. 1 , No. 5

**Edition**

**Place/ Publisher**

**Distributor**

**Ed. Date** May. 1994

**Pagination** p. 19 - 20

**Annotation** In 1766 King Sinphyushin fought Thailand (Ayuthaya) and captured their capital. One of the cannon brought back from Thailand was recently excavated from Innwa (Ava) city and displayed in the Military Museum at 49th Myanmar Military Day Exhibition. It was an unusual display because after the Third Anglo - Burmese War, General Prendergast sent most cannon and captured guns to England, as presents to Queen Victoria and her court. For this reason many Myanmar cannon remain in the United Kingdom.

**Subject Terms**
1. Myanmar Army - Cannons
2. Myanmar - History

**Key Words**
1. Cannons
2. Ordnances
3. Military Weapons

# အမြောက်သံသရာ

**မကြန်**

ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ဖွင့်လှစ်ပြသသော ၅၉ နှစ်မြောက် တပ်မတော်နေ့ပြပွဲသို့ ဧပြီလ ၁ ရက်နေ့က ရောက်သွားသည်။ ပြကွက်များ ပြထားသော ပစ္စည်းများအကြောင်းကား ပြော၍ကုန်နိုင်ဖွယ်မရှိ။ စစ်လက်နက်ပစ္စည်းများ ပြကွက်မှ အမြောက်တစ်လက် အကြောင်းကိုသာ ဖောက်သည်ချပါမည်။

ထိုအမြောက်သည် ရှေးခေတ်အမြောက်တစ်လုံးဖြစ်၏။ ဟိုတစ်ကွက် သည်တစ်ကွက် ကျန်နေသေးသည့် ရွှေစရွှေနများကိုကြည့်၍ ရှေးကရွှေဝိန်းချထားသော ကြေးအမြောက်ဖြစ်ကြောင်း သိသာသည်။ ၁၁၂၈ ခု ဒွါရာဝတီသိမ်းရ စာတန်းပါသည်။

အမြောက်မှာ ဆင်ဖြူရှင်မင်းလက်ထက်၊ ၁၁၂၈ ခု (အေဒီ ၁၇၆၆) တွင် ယိုးဒယားမှသိမ်းယူခဲ့သော အမြောက်ဖြစ်သည်။ အင်းဝမြို့ဟောင်း အတွင်းမှ တူးဖော်ရရှိသည်ဟု ရှင်းလင်းဖော်ပြထားသည်။ ရှေးအခါက မြန်မာတို့က ဒွါရာဝတီ ဟုခေါ်သော ယိုးဒယားပြည် (ထိုင်းနိုင်ငံ) မှသိမ်းယူ ရရှိခဲ့ကြောင်း အထောက်အထား ခိုင်လုံကြောင်း သိသာထင်ရှားစေရန် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ပထမတွဲမှ စာမျက်နှာသုံးရွက်ကိုလည်း ဖတ်ရလွယ်ကူအောင် ပုံကြီးချဲ့၍ ပြထားသည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ပထမတွဲ (၁၉၆၂ ခုနှစ်ပုံနှိပ်) စာမျက်နှာ ၄၀၆ တွင် –

> ရွှေဇာဝါရေး ငွေဇာဝါရေး သေနတ်
> တစ်သောင်း၊ ဇာဝါလွှတ် မီးခံစာခွံ့
> သေနတ် တစ်သောင်းကျော်၊ ကြေး
> စင်သွန်းညီနောင် အမြောက်ကြီးနှစ်
> နှင့် မြို့ဖြိုအမြောက်၊ ရန်လှန်အ
> မြောက်၊ နရားရပ်အမြောက်၊ မကာန်း
> ရပ်အမြောက်၊ ရထားတင်အမြောက်၊
> လှေဦးတင်အမြောက်၊ ဆင်တင်အ
> မြောက်၊ သားသွင်းအမြောက် စိန်မှစ
> ၍ ကြေးသွန်းသံလုပ် အမြောက်ပေါင်း
> သုံးထောင်ငါးရာငါးဆယ်....

သိမ်းယူခဲ့သည်ဟု မှတ်တမ်းတင်ထားသည်။ ကြေးစင်သွန်းညီနောင် အမြောက်နှစ် ဟုဆိုထားသဖြင့် ယခုပြခန်းရှိအမြောက်နှင့် အလားတူ ဒွါရာဝတီသိမ်းရ အမြောက်တစ်လက် ရှိရပေဦးမည်။ စင်စစ်သော် ဒွါရာဝတီသိမ်းရ စာတန်းပါအမြောက်မှာ ဤအမြောက်ညီနောင်မျှသာ မဟုတ်ပါ။ အလားတူစာတန်းပါ ကြေးအမြောက်အချို့နှင့် နရားရပ်အမြောက်၊ မကာန်းရပ်အမြောက်တို့၏ ဘဝသံသရာကား ဤသို့ဖြစ်ပါသည်။

သီပေါမင်းပိုင် မြန်မာနိုင်ငံတော်ကို ဂျင်နရယ်ပရင်ဒါဂတ်ဦးဆောင်သော ဗြိတိသျှပြည်သိမ်းတပ်က သိမ်းယူလိုက်၍ တိုင်းပြည်နှင့် လူမျိုးပါ သူ့ကျွန်ဘဝရောက်ခဲ့စဉ်က နန်းစဉ်ပစ္စည်း ရွှေငွေရတနာ များမှအစ သက်ရှိသက်မဲ့ အဖိုးထိုက်အဖိုးတန် မှန်သမျှသည် အောင်နိုင်သူတို့၏ လက်ခုပ်တွင်းမှ ရေသဖွယ် အသွန်အမှောက်ခံခဲ့ကြရသည်။

ဗြိတိသျှ ပြည်သိမ်းတပ်များ ချီတက်ရာ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်နှင့် မန္တလေးနေပြည်တော်အတွင်းနှင့်ဝန်းကျင်ဒေသတို့မှ အမြောက် စိန်ပြောင်း သေနတ် လက်နက်ကြီးငယ်ပေါင်း တစ်ထောင်ရှစ်ရာကျော် သိမ်းယူခဲ့ရသည်။ ထိုသို့ သိမ်းယူရရှိသည်တို့ကို အိန္ဒိယဘုရင်ခံချုပ်၏ အမိန့်အရ မြစ်တွင်းရေနက်ရာသို့ ချ၍လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ဖျက်ဆီးပစ်လိုက်သည်။

ဂျင်နရယ်ပရင်ဒါဂတ်သည် ဖျက်ဆီးတန်သည်တို့ကို ဖျက်ဆီးပြီး

နောက် ထူးဆန်းလှပသော အမြောက်အချို့ကို ဘုရင်မကြီးနှင့်တကွ မြို့စားနယ်စားကြီးများ၊ တပ်မှူးကြီးများထံသို့ အောင်နိုင်မှု အထိမ်းအမှတ်အဖြစ် အမှတ်တရ သိမ်းထားရန် လက်ဆောင်ပေးပို့လိုက်သည်။ ထိုသို့ ပေးဝေလိုက်သည့် စာရင်းတွင် အောက်ပါအမြောက်တို့ လည်းပါသည်။

၁။ ဘုရင်မကြီးထံဆက်သသော အမြောက် အမှတ် ၁၀၄ စီ၊

အထူးမွမ်းမံ ခြယ်သထားသော ယိုးဒယား (ထိုင်းနိုင်ငံ) သို့ မဟုတ် တရုတ်လက်ရာဟု ထင်မြင်ရသော ကြေးအမြောက်။ ခတွင်းဟာထားသော နဂါးခေါင်းပုံ။ သံတွဲမြို့ သက္ကရာဇ် ၁၁၂၈ ဟု မြန်မာစာတန်း ရေးထိုးထားသည်။

၂။ ဝေလမင်းသားသို့ ဆက်သသော အမြောက် အမှတ် ၁၀၆ စီ၊

အမှတ် ၁၀၄ စီနှင့် တူသည်။ (စာတန်းရေးထိုးထားသည်ဟု ဖော်ပြမထားပါ။)

၃။ အီဒင်ဘာရာ မြို့စားကြီးသို့ ပေးပို့သောအမြောက် အမှတ် ၉၄ စီ၊

အမှတ် ၁၀၄ စီ နှင့် ထပ်တူ စာတန်းပါသည်။

၄။ အိန္ဒိယဘုရင်ခံချုပ်ထံ ပို့သောအမြောက် အမှတ် ၁၀၅ စီ၊

အမှတ် ၁၀၄ စီ နှင့် ထပ်တူ စာတန်းပါသည်။

၅။ ဘုရင့်လက်နက်တိုက်၊ ဝူလ်းဝစ်သို့ ပို့သော အမြောက် ၁၀၇ စီ၊

အမှတ် ၁၀၄ စီ နှင့် တူသည်။ (စာတန်းပါသည်ဟုဖော်ပြ မထားပါ။)

၆။ ဘုရင့်လက်နက်တိုက်၊ ဝူလ်းဝစ် သို့ ပို့သော အမြောက် အမှတ် ၁၂၀ စီ၊

လူ့မျက်နှာ ပုံဟန် ကြေးအမြောက်၊ သံတွဲမြို့ သက္ကရာဇ် ၁၁၂၈ ခု၊ မဟာဘဂ်သုတ္တန – မြန်မာစာတန်းနှင့် ဖတ်မရသော စာတန်းတစ်ခုလည်းပါသည်။

၇။ ရန်ကုန် ဘော်လံတီယာ တပ်သို့ ပေးသော အမြောက် အမှတ် ၁၂၇ စီ၊

သံတွဲမြို့မှ သိမ်းယူသည်။ သက္ကရာဇ် ၁၁၂၈ ခု မြန်မာစာတန်းပါသည်။

၈။ မဒရပ် တပ်မှူးကြီးသို့ ပေးသော အမြောက် အမှတ် ၁၀၂ စီ၊

သံတွဲမြို့ သက္ကရာဇ် ၁၁၂၈ ခု– မြန်မာစာတန်းပါသည်။

ဤအမြောက်တို့သည် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် မှတ်တမ်းတင်ထားသော ဒွါရာဝတီ သိမ်းရအမြောက်၊ နရားရပ်အမြောက်၊ မကန်းရုပ်အမြောက် အချို့ဖြစ်ပါသည်။ ယိုးဒယားပြည် (ထိုင်းနိုင်ငံ) ဒွါရာဝတီကို ဂျင်နရယ်ပရင်ဒါဂတ် က ရခိုင်ပြည် ဒွါရာဝတီ သံတွဲမြို့နှင့် လွဲမှားစွာ (Sandoway) ဟု ဘာသာပြန် မှတ်တမ်းတင်ခဲ့သည်။ ပရင်ဒါဂတ်၏ အမှားသည် သုတေသီများကို မျက်စိလည်စေခဲ့သည်။ သုတေသနပြုချက်များ လွဲချော်စေခဲ့သည်။ သမိုင်းကွင်းဆက်ပြတ်နေသည်ဟု ထင်မှားစေခဲ့သည်။ ယခု ၄၉ နှစ်မြောက် တပ်မတော်နေ့ ပြပွဲတွင် ပြသထားသော၊ အင်းဝမြို့ဟောင်း အတွင်းမှ တူးဖော်ရရှိသည်ဆိုသော ၁၁၂၈ ခု ဒွါရာဝတီ သိမ်းရ အမြောက်က အဖြေမှန်ကို ဖော်ထုတ်ပေးလိုက်ပါပြီ။

ဖော်ပြပါအမြောက်တို့၏ ဘဝသံသရာကား ဆန်းကြယ်သည်ဟု ဆိုရပေမည်။ ဆင်ဖြူရှင်မင်းလက်ထက် သက္ကရာဇ် ၁၁၂၈ ခုတွင် ဇာတိရပ်မြေ ဒွါရာဝတီမှ မြန်မာမင်းနေပြည်တော်သို့ စစ်သိမ်းပစ္စည်းအဖြစ် ရောက်လာခဲ့ကြသည်။ မြန်မာတို့ လွတ်လပ်ရေးဆုံးရှုံးချိန်တွင် တိုင်းတစ်ပါးသို့ ဘုရင်မင်းတရားကိုယ်တိုင် ပါတော်မူရသကဲ့သို့ ဒွါရာဝတီသိမ်းရ အမြောက်တို့လည်း ဝေးရာတိုင်းတစ်ပါးသို့ လွင့်ပါးသွားကြရပြန်လေသည်။ ထိုနေရာဒေသတို့၌ ရှိနေကြသေးသလော၊ ပျက်စီးပျောက်ကွယ်ကြလေပြီလော။ ဝူလ်းဝစ်ရှိ ဘုရင့် လက်နက်တိုက်သို့ ပို့သော ခတွင်းဟာ နဂါးခေါင်းပုံဟန် အမြောက် ထိုနေရာတွင် ရှိသေးကြောင်း ပို့စကဒ်တစ်ခု တွေ့ရပါသည်။

(ထိုအကြောင်းကို ဧပြီလထုတ် ကနောင် စက်မှုစီးပွားဂျာနယ် တွင် ရေးသားဖော်ပြ ပြီးပါပြီ။) ကြေးစင်သွန်းညီနောင်အမြောက် နှစ်လုံးအနက် တစ်လုံးမှာ စစ်သမိုင်းပြတိုက်သို့ ရောက်နေပေပြီ။ ကျန်တစ်လုံးမှာ အင်းဝမြို့ဟောင်း တစ်နေရာတွင် ရှိနေသေးသလော၊ ရန်ကုန် ဘော်လံတီယာ တပ်သို့ ပေးလိုက်သော ဒွါရာဝတီ သိမ်းရ အမြောက်လည်း ရန်ကုန်မြေ တစ်နေရာရာတွင် မြုပ်ကွယ်ရှိနေလေသလောဟု အတွေးနယ်ကျယ်မိပါသည်။

**မကြန်**